# အသိသင့်ဆုံးအရာ / ပျောက်နေလား

မိတ်ဆွေ ကိုယ့်ရဲ့ဖြစ်ခြင်းအမှန်ကို မသိတဲ့ နောက်ကွယ်မှာ ဆုံးရှုံးမှုတွေ အများကြီး ရှိပါတယ်။ ဒါကြောင့်မိတ်ဆွေ ဘာလုပ်နေတယ်ဆိုတာထက် ဘယ်ကလာတယ်၊ ဘယ်သူဖြစ်တယ်၊ တစ်နေ့ ဘယ်ကို သွားရလိမ့်မယ်ဆိုတာက ပိုပြီး အရေးကြီးနေလို့ တိတိကျကျ သိရှိဖို့လို အပ်ပါတယ်။

လူဟာ ဘယ်ကလာတယ် ဆိုတဲ့ မေးခွန်းရဲ့ နောက်ကွယ်မှာ သို့လော၊ သို့လော၊ အတွေးတွေနဲ့ အဖြေကို ရှာနေတတ်ကြပါတယ်။ အချို့က လူဟာမျောက်ကနေ ဆင့်ကဲဖြစ်လာတာလို့ ဆိုပါတယ်။ ဒါဆိုရင် ဒီနေ့အထိ တောထဲမှာရော၊ တိရိစာန်ရုံ တွေမှာပါ ရှိနေကြတဲ့ မျောက်တွေဟာ ဘာကြောင့် လူဖြစ်မလာကြသလဲ။

တကယ်တော့ ဒီဆင့်ကဲဖြစ်ရပ်ကို လက်ခံတဲ့သူဟာ လူနဲ့တိရိစ္ဆာန်ရဲ့ အဓိက ခြားနား ချက်ကို မသိလို့ဘဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် သေချာစွာ သိနိုင်ဖို့အတွက် လူရဲ့အစကို လေ့လာဖို့ လိုပါတယ်။

လူကို ဘုရားသခင်က မြေမှုန့်နဲ့ ဖန်ဆင်းပြီး ဇီဝအသက် မှုတ်သွင်းပေးလို့ အသက်ရှင်တဲ့သတ္တဝါ ဖြစ်လာပါတယ်၊ (ကမ္ဘာဦးကျမ်း ၂း ၇)။

ဒီနေ့ လူတော်တော်များများက ငါ ကြိုးစားလို့ ရပ်တည်နိုင်တာ၊ ငါလုပ်လို့ ရတာနဲ့ အသက်ရှင်နေတာရယ်လို့ ပြောတတ်ကြပါတယ်။ ဒါဆိုရင် အခုနင်းနေတဲ့ မြေကြီးကို လူက လုပ်ထားတာလား။ ရှူနေတဲ့လေ၊ သောက်နေတဲ့ရေ အလင်းအိမ်ကြီးတွေ ဖြစ်နေတဲ့ နေ၊ လ၊ ကြယ် စတာတွေကို လူတွေက ဖန်ဆင်းထားတာလား။ တကယ် တော့ဒီအရာတွေဟာ လူကိုဖန်ဆင်းတဲ့ ဘုရားသခင်က ဖန်ဆင်းထားလို့ ဖြစ်တည် နေတာ ဖြစ်ပါတယ်။

လူမှာ တိရိစ္ဆာန်နဲ့ လုံးဝမတူတဲ့ ခြားနားချက်ကတော့ ဝိညာဉ်ရှိတာပါပဲ။ ဝိ ဆိုတာ အထူး၊ ညာဉ် ဆိုတာ သိခြင်းဖြစ်လို့ ဝိညာဉ် ရဲ့ အဓိပ္ပါယ်က အထူးသိခြင်း ပဲ ဖြစ်ပါတယ်။

အဲဒီဝိညာဉ်က ဖန်ဆင်းရှင် ဘုရားသခင်ကို ကိုးကွယ်ဖို့၊ ဆက်သွယ်ဖို့ ဖြစ်ပေ မယ့် လူဟာ ဘုရားသခင်ရဲ့ စကားကို နားမထောင်တဲ့ အပြစ်ကြောင့် ဝိညာဉ် အမှောင် ကျပြီး ဘုရားသခင်နဲ့ အဆက်အသွယ် ပြတ်ကာ အပြစ်သား ဖြစ်လာရပါတယ်။ အဲ ဒီအပြစ်ရဲ့ အဖိုးအခကတော့ သေခြင်းပဲ ဖြစ်ပါတယ် (ရောမ ၆း၂၃)။

ဒီတော့ အပြစ်ရှိတဲ့သူရဲ့လားရာဟာ ငရဲပဲဖြစ်တော့ ကောင်းတာကို ဘယ်လောက် ပဲလုပ်လုပ်၊ အပြစ်ဇီဇက ပါလာပြီဆိုတော့ ကြိုးစားလဲ အချည်းနှီးပါပဲ။

ဒါပေမယ့် စိတ်မပျက်ပါနဲ့ မိတ်ဆွေ။ မိတ်ဆွေရဲ့ ကောင်းကင်သွားရမယ့်လမ်းကို ယေရှုဘုရားဆိုတဲ့ ကယ်တင်ရှင်က လက်ဝါးကားတိုင်အားဖြင့် ပြသပေးခဲ့ပါပြီ။ လူတွေရဲ့ အပြစ်အားလုံးကို သူ့ရဲ့အသွေးတော်နဲ့ ဆေးကြောပြီး (၁ ယော ၁း ၇)၊ အသေခံတဲ့ ယေရှုဟာ (၃) ရက်မြောက်သောနေ့မှာ ပြန်လည် ရှင်ပြန်ထမြောက်ခဲ့ပါပြီ။

သေခြင်းကို အောင်မြင်တဲ့ ဘုရားစစ် ဖြစ်လို့ သူ့ကိုစိတ်နှလုံးထဲမှာ ယုံကြည် လက်ခံလိုက်တာနဲ့ ကောင်းကင်ဘုံကို အရောက် ပို့ဆောင်ပေးနိုင်တဲ့ အရှင်ဖြစ်ပါတယ်။

ဒါ့ကြောင့် မိတ်ဆွေ အနေနဲ့ အသိသင့် ဆုံး အရာက ဘယ်အရာလဲဆိုတာ အဖြေရှာ တွေ့နိုင်ပါစေ။

**ပျောက်နေလား**

မိတ်ဆွေ အသက်တာ၌ ပစ္စည်း တစ်စုံတစ်ခု ပျောက်တာကြုံဖူးပါသလား။ ပြန်တွေ့လျှင် မည်သည့်အတိုင်းအတာအထိ ပျော်ရွှင်ခဲ့ပါသလဲ။ မတွေ့လျှင် မည်မျှ စိတ်ဆင်းရဲခဲ့ပါသလဲ။

တစ်ဦးနှင့်တစ်ဦး ခံစားပုံချင်းတော့ ကွဲ ပြားပေလိမ့်မည်။ တချို့က သူခိုးဖမ်းနည်း ပေါင်းမျိုးစုံ တွေးတောပေမည်။ တချို့မှာမူ ဝမ်းနည်းပေလိမ့်မည်။ အချို့မှာလည်း စိတ်ဆိုးပေလိမ့်မည်။

သင်္ချိုင်းရ ပစ္စည်းအတွက် ဤမျှ စိတ်သောက ရောက်နေကြလျှင် ထာဝရအတွက် ပိုရှိ၍ ပင် စိုးရိမ်စရာဖြစ်နေသည်။

ထာဝရ ဘုရားသခင်သည် လူသားကို ဖန်ဆင်းပြီး သူ၏အသက်ဝိညာဉ်ကို ထည့်ထားပေးသည်။ (ကမ္ဘာဦးကျမ်း ၁း၂၆-၂၇၊ ၂း ၇)။ သို့သော် ဘုရားသခင်၏ စကားတော်ကို နားမထောင်သည့် အချိန်မှစ၍ လူသည် အပြစ်သား ဖြစ်လာရသည် (ကမ္ဘာဦးကျမ်း ၃း၆၊၁၉)။ မူလ ရှိရမည့် နေရာမှ ပျောက်သွားရသည်။ အပြစ်၏အခ သေခြင်းကို ခံရမည့်သူ ဖြစ်လာသည် (ရောမ ၆း၂၃)။

ဘုရားသခင်သည် မေတ္တာတော်ရှင် ဘုရားဖြစ်သည့်အတွက် ပျောက်သောသူတို့အား ကယ်တင်ရန် သူ၏တစ်ပါးတည်းသော သားတော် ယေရှုခရစ်တော်ကို ဤ လောကသို့ စေလွှတ်ခဲ့သည်(လုကာ ၂း၁၁၊ ၁၉း၁၀)။
ယေရှုခရစ်တော်သည် လူသားအားလုံး၏ အပြစ်အတွက် လက်ဝါးကားတိုင်တွင် ကိုယ်စားအသေခံပြီး (၃) ရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်ခဲ့သည်(၁ကော ၁၅း ၃-၄)။ သူ၏ အသွေးတော်ဖြင့် လူသားများ၏ အပြစ်အားလုံးကို ဆေးကြောပေးခဲ့သည် (ဟေဗြဲ ၉း၂၂)။

ဤအရာသည် နေရာမှန် ပျောက်ဆုံးနေသော မိတ်ဆွေအတွက် သခင်ယေရှု လုပ်ဆောင်ပေးသော အရာဖြစ်သည်။ မိမိနေရာ မှန်ကို ပြန်တွေ့နိုင်ရန် အတွက် သခင်ယေရှု လုပ်ဆောင်ပေးသောအရာကို စိတ်နှလုံး သားထဲမှ ယုံကြည်လက်ခံပါ။ နှုတ်မှ ကယ်တင်ရှင်ကို လက်ခံကြောင်း ပြောထုတ်ပါ။ ဤသို့ လုပ်ပါက မိတ်ဆွေသည် ပျောက်နေလား ဆိုသည့်မေးခွန်း၏ အဖြေကို ရှာတွေ့သူ ဖြစ်ပါပြီ (ရောမ ၁၀း ၉-၁၀)။

စာဖတ်သူတိုင်း ခဏတာ ပျောက်သော အရာများနှင့် စိတ်သောက မရောက်ဘဲ ထာဝရအတွက် မပျောက်သူ ဖြစ်ရန် နေရာ မှန် ဖြစ်သောကောင်းကင်အရပ်သို့ ကြွလှမ်းနိုင်ကြပါစေ။

ဆရာမ ခိုင်(မောင်ထော်လေး)